

# ကျွန်တော်တို့လိုပဲ ကြိုဆိုပြီးတော့ ပူးပေါင်းပါဝင်ဆောင်ရွက်မယ်ဆိုရင် NLD ဟာ ကျွန်တော်တို့နဲ့ လက်တွဲဖော်ပဲ

ဒီအမျိုးသားညီလာခံ ထောက်ခံကြိုဆိုရေး အင်အားစုမှာ ပါတီအစုံကလူတွေကို တွေ့ရတယ်။ ဂိုဏ်းဂဏအစုံက ပုဂ္ဂိုလ်တွေတွေ့ရတယ်။ အဲဒီပုဂ္ဂိုလ်တွေရဲ့ အနာဂတ်နိုင်ငံရေး ရည်မှန်းချက်ကဘာလဲ။ နောင်တစ်ချိန် ရွေးကောက်ပွဲအတွက် ကြိုဆိုပြင်ဆင်မှုတွေရော ဖြစ်နိုင်ပါသလား။

ကျွန်တော်တို့ အစုစုစည်းတဲ့ အင်အားစုက အဓိက ၁၉၉၀ ရွေးကောက်ပွဲမှာဝင်ခဲ့တဲ့ ပါတီက ဝင်ဖူးသူတွေ အဲဒီမှာ ပါတီစုံရှိပါတယ်။ ဦးတည်ချက်က တစ်ခုတည်း။ ကျွန်တော်တို့ဟာ ရွေးကောက်ပွဲ အကြိုကာလကရော အခုကာလထိရော ဒီရွေးကောက်ပွဲဟာ ဖွဲ့စည်းပုံရေးဆွဲရေးအတွက် တိုင်းပြုပြည်ပြုလွှတ်တော်တို့ ကျွန်တော်ခံယူတယ်။ အဲဒီ မပေါ်မချင်း ကျွန်တော်တို့မှာ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ တာဝန်ရှိတယ်လို့ သဘောထားတယ်။ အဲဒီလိုသဘောထားပြီး စုစည်းတာ။ အဲဒီစုစည်းတဲ့အခါမှာ ပိုပြီးတော့ ကျယ်ပြန့်အောင်လို့ ဝါရင့်လို့မခေါ်ပါဘူး။ ခုနပြောတဲ့ ဟိုခေတ်အဆက်ဆက်မိတဲ့ နိုင်ငံရေးသမားကြီးတွေ ဦးတင်ရွှေတို့လို လူတွေလည်းပါတာပေ့ါ။ သူက အရင်လွှတ်တော်ကိုယ်စားလှယ် ဘာညာ၊ ဖဆပလ ခေတ်က လုပ်ခဲ့ဖူးတယ်။ အဲဒီပါတဲ့ လူတွေစုဖွဲ့တယ်။ ဖွဲ့တဲ့ဦးတည်ချက်က တစ်ခုတည်း။ ဖွဲ့စည်းပုံပေါ်ရမယ်။ ခိုင်မာတဲ့ ဖွဲ့စည်းပုံအရ အနာဂတ်ပြည်ထောင်စုတည်ဆောက်မယ်။ အဲဒီတည်ဆောက်တဲ့အခါမှာ ဖွဲ့စည်းပုံမှာပေါ်လာတဲ့ နိုင်ငံရေး လုပ်ပိုင်ခွင့် အခွင့်အလမ်းတွေအပေါ်မူတည်ပြီးတော့ ကျွန်တော်တို့က ဘာလုပ်သင့်တယ်ဆိုတာ အဲဒီအချိန်ကျမှ ကျွန်တော်တို့ စဉ်းစားမှာပါ။

ဒီပွဲလုပ်တဲ့နေရာပေ့ါ။ ခရမ်းဒေသကို ဘာကြောင့်ရွေးချယ်သလဲဆိုတာ သိချင်ပါတယ်။

ကျွန်တော်တို့ အမျိုးသားညီလာခံကြိုဆိုထောက်ခံရေး အင်အားစုဆိုတဲ့ ငါးဦးစုစည်းတဲ့နေရာမှာ ဦးတင်ရီဟာ ကျွန်တော်တို့အဖွဲ့ဝင်တစ်ယောက်ဖြစ်တယ်။ ဖြစ်တဲ့အခါကျတော့ သူ့ဒေသမှာ သူက သူ့ရဲ့ ဆန္ဒတူညီတဲ့ လူတွေနဲ့ပေါင်းပြီးတော့ ဘာလဲ ဒီလိုလူထုထောက်ခံပွဲတစ်ခု လုပ်ချင်တယ်ဆိုပြီးတော့ ဒီဒေသမှာ သူက၊ သူတို့အချင်းချင်း ဆန္ဒတူညီတာ ရှိတော့ အားလုံးကဖိတ်ခေါ်တဲ့အခါ ဦးတင်ရီ စီစဉ်ပါ။ ကျွန်တော်တို့ လုပ်မယ်ဆိုပြီး လာလုပ်တာပါ။

နောက်ထပ် ဘယ်နေရာတွေမှာ ဒီလိုပွဲမျိုးလုပ်ဖို့ အစီအစဉ်ရှိသေးလဲ။

မြို့တွေတော့ မပြောလိုဘူး။ ကျွန်တော်တို့မှန်းတာ ပဲခူးတိုင်းမှာရှိမယ်။ ဧရာဝတီတိုင်းမှာရှိတယ်။ နောက်တစ်ခါ မန္တလေးတိုင်းမှာ ရှိမယ်။ အကြမ်းဖျဉ်းပြောရမှာဆိုရင်တော့ ဖွဲ့စည်းပုံရေးဆွဲမပြီးမချင်း ကျွန်တော်တို့က ဒါကိုလိုက်ပြီး လက်လှမ်းမီသလောက်လုပ်ဖို့ စီစဉ်ပါတယ်။ ၁၉၇၀ ခုနှစ်ကထုတ်တဲ့ သတင်းဂျာနယ်အဟောင်းလေး ကျွန်တော်ဖတ်လိုက်ရပါတယ်။ အဲဒီမှာ အန်ကယ်လ် အလင်းဝင်လာတဲ့ သတင်းလေးပါလာပါတယ်။

အဲဒီမှာ ဆရာအထောက်တော်လှအောင်ကမေးတဲ့အခါ အန်ကယ်က ဘာပြောသလဲဆိုတော့ လမ်းစဉ်ပါတီက တာဝန်ပေးလို့ရှိရင် တာဝန်ယူဖို့ အသင့်ပါပဲလို့ ဆရာအထောက်တော်လှအောင်ကို ပြောခဲ့ပါတယ်။ ၁၉၇၀ ကနေပြီး ဘယ်ခုနှစ်အထိ လမ်းစဉ်ပါတီကပေးတဲ့ တာဝန်ကိုယူခဲ့ပါသလဲခင်ဗျား။

မယူပါဘူး။ ၁၉၇၀ ခုနှစ်က ဒီဖက်ပိုင်းမှာ လမ်းစဉ်ပါတီကပေးတဲ့ တာဝန်ကို မယူခဲ့ပါဘူး။ အန်ကယ်တို့ လုပ်ဖော်လုပ်ကိုင်ပေါ့။ ဦးထွေးမြင့်။ ဦးထွေးမြင့်ဟာ အခု NLD ပါတီကို ဝန်းရံပေးထားတယ်။ ဦးထွေးမြင့်အပေါ် အန်ကယ်ရဲ့ သဘောထား လေးသိပါရစေ။

ဦးထွေးမြင့်က နိုင်ငံရေးသမားတစ်ယောက်ပါ။ အဘိဓမ္မာဆိုတာ ကိုယ့်အဘိဓမ္မာနဲ့ ကိုယ်တိုင်းရတာပါ။

ကျွန်တော့် အဘိဓမ္မာကို သူ့အဘိဓမ္မာနဲ့ တိုင်းလို့မရပါဘူး။ အဝိုင်းကို လေးထောင့်နဲ့ညှိလို့မရပါဘူး။ သူ့အမြင်ကို ကောင်းတယ်၊ ဆိုးတယ် ကျွန်တော်မဝေဖန်ချင်ပါဘူး။

NLD ပါတီက နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ရပ်တည်ခွင့်ရှိ၊ မရှိ အန်ကယ်တို့ အမျိုးသားညီလာခံကြီးဆို ထောက်ခံရေး အင်အားစုရဲ့ သဘောထားလည်းပြောပါဦး။

ဒါက ကျွန်တော်တို့ ဆုံးဖြတ်မပေးနိုင်သလို ကျွန်တော်တို့လည်း သဘောထားမရှိပါဘူး။ NLD ကို ကျွန်တော်တို့က အမြဲတမ်းလက်တွဲခေါ်တာ။ လက်တွဲခေါ်တယ်ဆိုတာ ဒီနေ့အထိလည်း ဒါ–ကျွန်တော်တို့က NLD ကို ဆန့်ကျင်တာမဟုတ်ဘူး။

ဆိုလိုတဲ့သဘောက NLD ရဲ့ ရပ်တည်ချက်ကို ပြောင်းပြီးတော့ အမျိုးသားညီလာခံလမ်းကြောင်းကို ဒီနေ့ဝင်၊ ကျွန်တော်တို့ NLD ကို ဒီနေ့ထောက်ခံတယ်။ ဒါပါ။ အမျိုးသားညီလာခံ လမ်းကြောင်းကို မစွန့်ပါနဲ့။ အမျိုးသား အကျိုးစီးပွားကို မပစ်ပယ်ပါနဲ့။ ဒါထက်ရှင်းအောင်ပြောရရင် ဟိုဥစ္စာပေါ့ဗျာ။ ဟို–စကားကို တည့်တည့်ကြီးပြောရရင် ပြည်တွင်းပြဿနာကို ပြည်တွင်းမှာရှင်းပြီးတော့၊ ဒိုင်ယာလော့ခ်ဆိုတာကို ကျွန်တော်တို့လက်ခံပါတယ်။ ဘယ်ပြဿနာဖြစ်ဖြစ် ဒိုင်ယာလော့ခ်လုပ်ရမယ်။ ဒိုင်ယာလော့ခ်ကို ကျွန်တော်တို့ မြင်တဲ့အမြင်က တစ်ဖက်သတ် ဆုပ်ကိုင်ထားတာရှိတယ်။

အဲဒါဘာလဲဆိုတာ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အသေဖြစ်ရမယ်။

လွှတ်တော်ခေါ်ပေးရမယ်။ အာဏာလွှဲရမယ်ဆိုတဲ့ ဒီသုံးချက်ကို အသေကိုင်ပြီးတော့ တပ်မတော်အစိုးရနဲ့ ဒိုင်ယာလော့ခ်လုပ်ရင်တော့ ကျွန်တော်ထင်တယ်။ အောင်မြင်ဖို့မရှိဘူးလို့၊ တစ်ခုပဲရှိတယ်။ အမျိုးသားညီလာခံလမ်းကြောင်းမှာ တစ်လျှောက်လုံး နှစ်နှစ်ကျော်ကျော် ဒိုင်ယာလော့ခ်လုပ်ခဲ့တယ်။ အဲဒီအခါမှာ NLD ဟာ ပြေပြေလည်လည်လုပ်ခဲ့တယ်။ ဒီတောအတွင်းမှာ ကျွန်တော်တို့ ရှင်းလင်းချက်မှာ ပါပါတယ်။ တပ်မတော်အစိုးရဟာ ဒိုင်ယာလော့ခ် ၃ခု လုပ်ခဲ့တယ်။

သတင်းစာဆရာကြီးများကို ကျွန်တော်ဟိုတစ်နေ့က တစ်ခါ ပဏာမပြောခဲ့တယ်။ ပထမတစ်အချက်က အမျိုးသားညီလာခံလမ်းကြောင်းမှာ ဒိုင်ယာလော့ခ်လုပ်ခဲ့တယ်။ ဒုတိယတစ်ချက်က သူတို့ရဲ့နောက်ဆုံးကြေညာချက်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးစာဆိုပြီး ကောက်နုတ်ချက်ပါတယ်။ အဲဒီအထဲထဲမှာ ဒေါ်အောင်ဆန်းစုကြည်သည် ဒီတပ်မတော်အစိုးရနဲ့ ညှိနှိုင်းပြီးတော့ အမျိုးသားညီလာခံတက်ရန်ပါ သဘောတူခဲ့သည်ဆိုတဲ့ ဒိုင်ယာလော့ခ်ပေါ့။ ဒါ–သူတို့ဟာ သူတို့ ဝန်ခံထားတဲ့ ဒိုင်ယာလော့ခ်။

အဲဒါထက်ရှင်းတာတစ်ခုပြောဦးမယ်။ ကျွန်တော်တို့ကိုယ်တိုင် ပါဝင်ပြီးတော့ ၉၈ခုနှစ် ဧလပိုင်းက NLD နဲ့ တပ်မတော်အစိုးရ ဒိုင်ယာလော့ခ်ဖြစ်ဖို့ ကျွန်တော်တို့ကြိုးစားခဲ့တယ်။ ကြိုးစားတဲ့အခါမှာ ဦးအောင်ရွှေကိုယ်တိုင်က သဘောတူတယ်ဟေ့၊ ငါ–မနက်ဖန်လိုက်မယ်ဆိုပြီးပြောတော့ တာဝန်ရှိသူတွေက သွားခေါ်တဲ့အခါမှာ ဒေါ်စုသဘောမတူလို့ ငါမတက်တော့ဘူး ဆိုပြီး ဦးစိုးမြင့်နဲ့ ဦးသန်းထွန်းကို ထည့်လိုက်တယ်။ အဲဒီလိုပဲ အမျိုးသားညီလာခံမှာ ပါဝင်နေတာလည်း ကျွန်တော်တို့ လိုလားတယ်။

ဒါကြောင့်မို့လို့ ဒီနေ့ပြောတဲ့ သဘောက အမျိုးသားညီလာခံကို ကြိုဆိုတယ်။ NLD လည်း ကျွန်တော်တို့လိုပဲ ကြိုဆို ပြီးတော့ ပူးပေါင်းပါဝင်ဆောင်ရွက်မယ်ဆိုရင် NLD ဟာ ကျွန်တော်တို့နဲ့ လက်တွဲဖော်ပဲ အဲတော့ NLD ဖျက်ရေး၊ မဖျက်ရေးဆိုတာ ကျွန်တော်တို့ ဆုံးလည်းမဆုံးဖြတ်နိုင်ဘူး။ ပျက်စေချင်တဲ့ ဆန္ဒလည်းမရှိဘူး။ ပါတီတစ်ရပ်အနေနဲ့ အမျိုးသားနိုင်ငံရေးလမ်းကြောင်းမှာ ရပ်စေချင်တယ်။